# AROMA

ဝိညာဉ်ရေးထုတ်စာစောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.geocities.com/aromadc; www.cbc-dc.com

July 2008 အတွဲ ၅၊ အမှတ် ၇။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဝေငေလိနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။

**ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)**

## ယခုလဖတ်စရာ


- ကြွယ်ဝသောအသက်တာနှင့်သူဌေး
- စစ်မှန်သောချမ်းသာကြွယ်ဝခြင်း
- ထာဝရဘုရား၏စစ်ဆေးမှုကိုခံယူခြင်း
- အလိုတော်အတိုင်း
- တကယ်တော့


## ဝိညာဉ်ရေးအကြံပေး

သိက္ခာတော်ရဆရာစောလယ်ထူး

## အယ်ဒီတာအဖွဲ့


ဦးကမ် **(ထုတ်ဝေရေး)**
ukamaroma@gmail.com
သောင်းနိုး **(ကွန်ပြူတာစာတည်း)**
thawngnoaroma@gmail.com


## ကွန်ပြူတာစာစီ

ဒံယေလ
မတင်လေးခိုင်(နယူးယောက်)
မစိမ်းလှဲ့ခိုင်(နယူးယောက်)

---

စာမူပေးပို့လိုသူများအောက်ပါ
လိပ်စာသို့ပေးပို့နိုင်ပါသည်။


3401 Sudlersville South
Laurel, MD 20724
Tel: 301-776-6820


# ကြွယ်ဝသောအသက်တာနှင့်သူဌေး

အခန်း(၁)

ကြွယ်ဝသောအသက်တာသည် သူဌေးဖြစ်ခြင်းနှင့်မတူပါ။ ထိုသဘောနှစ်ခုကို တူသည်ဟု အထင်ရှိကြသူကများ၏။ ထို့ကြောင့်ဘဝ၌ အခက်တွေ့ရကြ၏၊ ကြွယ်ဝသောအသက်တာဆိုသည်မှာ သူဌေးဖြစ်ခြင်းကို ဆိုလိုခြင်းမဟုတ်ကြောင်း၊ ယုံကြည်သူတို့အနေနှင့် ဦးစွာပထမ သဘောပေါက်သင့်လှပေသည်။

လောက၌ ငွေရှိလျှင် မည်သူမဆို သူဌေးဖြစ်နိုင်ပါသော်လည်း ကြွယ်ဝသောအသက်တာကိုမူ ငွေရှိသောသူဌေးတိုင်းမရရှိနိုင်ကြ။ အဘယ်ကြောင့်ဆိုသော် ထိုအရာသည် ဤလောက၌ ရုပ်ဝတ္ထုပစ္စည်း တစ်ခုအနေနှင့် ရှိနေသောအရာ မဟုတ်သောကြောင့်ပင်။

ထပ်၍ရှင်းရလျှင် လူတစ်ယောက်သည် ဤလောက ၌ သူဌေးတစ်ဦးဖြစ်ရန် မိမိ၏ (ကံ ၊ ဉာဏ်၊ ဝီရိယ) ကိုအသုံးချပြီး ကြိုးစားအားထုတ်ကာ ပြည့်စုံကြွယ်ဝသည့်၊ လှပသော ဘဝတစ်ခုကို ကိုယ်တိုင်ထုဆစ်တည်ဆောက်ယူနိုင်ပါသော်လည်း ...ကြွယ်ဝသောအသက်တာ (Abundant life) ကိုမူ ဤ ကမ္ဘာလောကကြီးအတွင်း၌ ရှာဖွေတွေ့ရှိနိုင်လိမ့်မည်မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် ထိုအရာသည်...

ဘုရားပေးမှရနိုင်သည့်အရာ

ခရစ်တော်ထံ၌သာရှိသောအရာ

ယုံကြည်သူတစ်ဦး ဖြစ်မှသာ ထိုသူ တစ်ယောက်နှင့် သက်ဆိုင်အကြုံးဝင်ပြီး အကျိုးခံစားခွင့်ရနိုင်မည့် တစ်စုံတစ်ခုသော အရာမျိုး ဖြစ်နေခြင်းကြောင့်ပင်တည်း။

လူ၏ စိတ်ဝိဉာဉ်အတွင်း၌သာ ဖြစ်တည်နေသော ကြွယ်ဝပြည့်စုံမှု (သို့) အတွင်းကောင်းချီးမင်္ဂလာ တစ်မျိုးသာဖြစ်၏။ ထိုအရာကို အချိန်ကာလ

**ချီးမွမ်းခြင်းသည်တိုးပွါးခြင်းကိုဖြစ်စေသည်**  ့ ့

သည်၄င်း၊ မာယာလောက၏ အလှည့်အပြောင်းများ ဖြစ်သော (ရှိခြင်း ၊ မရှိခြင်း ) ဆိုသည့်သဘောတရား များကင်း၊ ပျောက်ကွယ်ပျက်စီးသွားစေအံ့သောငှာ တိုက်စားဖြိုချ ဖျက်ဆီးနိုင်စွမ်းမရှိ။ ထိုအရာသည် လက်တွေ့ မြင်နိုင်သော အကောင်အထည်ရှိသည့် သဘောတရား၌မတည်ပါ၊ သိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီ နှင့် သက်ဆိုင်၍ ဖြစ်ထွန်းနေသည့် အကျိုးတရား တစ်ခုသာဖြစ်၏။

ကြွယ်ဝသောအသက်တာသည် ယုံကြည်သော သူ (လူသားတိုင်း) အတွက် ဘုရားသခင်က ကျေးဇူး ပြုပေးထားသောအရာ ဖြစ်သောကြောင့် ယေရှု ခရစ်တော်ကို နှလုံးသားအတွင်း၌ အမှန်တကယ် လက်ခံရရှိထားပြီးသူ မည်သူမဆို ခံစားနိုင်ခွင့်ရှိ၏။

ထို့ကြောင့် ကြွယ်ဝသောအသက်တာသည် ဤလောက၌ ဘုရင်ကြီးတစ်ဦးထံ၌လည်း ရှိနိုင်ပါ ၏။ သူတောင်းစားတစ်ဦး၌လည်း ရှိနိုင်၏။ အောက် တန်းစားများဟု သတ်မှတ်ခံထားရသူတို့၌၄င်း၊ အ ထက်တန်းလွှာများဟု မိမိတို့အချင်းချင်း ကင်ပွန်း တပ်ထားသူတို့၌၄င်း...(တည်ရှိတည်နေနိုင်ပါ၏)။

အဘယ်ကြောင့်ဆိုသော် သူတို့အားလုံးသည် ဘုရားပေးသည့် ကြွယ်ဝသောအသက်တာကို ခရစ်တော်အားဖြင့် တန်းတူရည်တူ ပိုင်ဆိုင်ခွင့်ရရှိ ထားသူများ ဖြစ်သောကြောင့်ပင်......

(သားတော်ကို ရသောသူသည် ခပ်သိမ်းသော အရာကိုရ၏) လောကဘဝတစ်ခုကို ယုံကြည်သူချင်း တူသော်လည်း အချင်းချင်းကြား၌(ဆင်းရဲ ၊ ချမ်းသာ) ကွာဟမှုပုံစံကတော့ အမြဲရှိနေမည်သာဖြစ်၏။ ယုံ ကြည်သူတစ်ဦး၌ (ဆင်းရဲ ချမ်းသာ) ဖြစ်ရခြင်း အကြောင်းသည် မိမိတစ်ဦးချင်းစီ၏ ရွေးချယ်ခြင်းနှင့် သာသက်ဆိုင်ပါသည်။ ထိုကြောင့် ကမ္ဘာတည်ရာ ကာလမှသည် ကပ်ကမ္ဘာကုန်ဆုံးချိန်အထိ လူသား မျိုးနွယ်စဉ်ဆက်တို့၌ လူတန်းစားကွာဟမှု ပုံစံ ကတော့ အမြဲရှိနေအုံးမည်သာဖြစ်သည်။

ခရစ်တော်လူ့လောကသို့ ကြွလာခဲ့ခြင်း အ ကြောင်းသည် လောကလူသားအားလုံး၏ လူတန်း စားပြဿနာများကို ညှိနှိုင်းဖြေရှင်း ဆောင်ရွက် ပေးရန်အတွက်ဆိုသည့် ရုပ်ပိုင်းဆိုင်ရာကဏ္ဍ အတွက်အဓိက မဟုတ်ခဲ့ပါ။

ယုံကြည်သူတိုင်း (Abundant life) ရနိုင်သော်လည်း ခရစ်ယာန်ဘာသာဝင်တိုင်း (ယုံ ကြည်၍) ဟုဆိုပြီး ဤလောက၌ တိုက်တစ်လုံး ၊ ကားတစ်စီးဖြင့် ချမ်းသာပြည့်စုံသည့် သူဌေးများ တော့ ဖြစ်လာကြမည်မဟုတ်ပါ။

ကြွယ်ဝသော အသက်တာကိုတော့ ကမ္ဘာ လောကတခုလုံးအတွက် သူပေးသွားခဲ့ပါသည်။ (မိမိကိုယ်ကိုပေးဆပ်အပ်နှင်းခဲ့ခြင်းဖြစ်၏)

ထိုမြင့်မြတ်သော အရှင်သခင်ကို နှလုံးသား အတွင်း၌ မှန်တကယ်ရထားသူတိုင်းတို့၏ ဘဝ ပုံစံအသီးသီး၌ ပြည့်စုံကြွယ်ဝမှု ရှိနေသည်ဟု ဆိုလိုရင်းဖြစ်၏။ ထို့ကြောင့် ငါမူကား သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့် ပြည့် စုံစေခြင်းငှာ လာသတည်းဆိုသည့် (ယော ၁၀း၁၀) ကျမ်းပိုဒ်ကို အခြေပြုကိုးကား၍ ( ကမ္ဘာနှင့် အဝှန်း) ခရစ်ယာန်ဘာသာဝင်အများ နားလည်ထားကြသော ယုံကြည်မျှော်လင့်နေသော လိုချင်တောင့်တမှုရှိသော ကြွယ်ဝသော အသက်တာဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ ကဏ္ဍနှင့် ပတ်သက်မှုမရှိသော ဝိညာဉ်ရေး အဓိပ္ပါယ် (spiritual meaning) သာလျှင် ဖြစ်ကြောင်း ပေါ်လွင် ထင်ရှားပါ၏။ ထိုကဲ့သို့ စစ်မှန်လေးနက်သော အဓိပ္ပါယ်နှင့် အနှစ်သာရကို (ဘာသာခြားကိုးကွယ် သည့်) လောကသူဌေးများနှင့် ခရစ်တော်ကို ဦးနှောက်ဖြင့်သာ ရထားသော ခရစ်ယာန်ဘာသာဝင် (အချို့ ) တို့ နားမလည်နိုင်ပါ။ (Abundant life ) ခေါ် ကြွယ်ဝသောအသက်တာနှင့် (Rich man ) ဟူသောအဓိပ္ပါယ်သည် ဤမျှလောက် ကွာခြားပါ၏။

အခန်း (၂)

ယုံကြည်သူတစ်ဦးအတွက် (Abundant life ) (ဖေါဖေါသီသီရှိသော ၊ ကုံလုံကြွယ်ဝသော) ဆိုသည့် ဝေါဟာရတစ်ခုသည်ပင် အဓိပ္ပါယ်နှစ်မျိုး ၊ အခြေနေ နှစ်မျိုး နှင့် ရှိနေကြောင်း ပိုင်းခြားနားလည်ဖို့ လို၏။

တစ်ခုသည် အပြင်သဏ္ဌာန်၌တည်သော ကြွယ် ဝ ပြည့်စုံခြင်း ( Secular meaning) တစ်ခုသည် အ တွင်းသဏ္ဌာန်၌တည်သော ကြွယ်ဝပြည့်စုံခြင်း (Sqcred meaning) ဆိုသည့် သဘောတရားတစ်ခု ဖြစ်၏။

သူဌေးဆိုသည်က ငွေနှင့်လောက၏ ဥစ္စာ ပစ္စည်းများရှိလျှင် မည်သူ့ကိုမဆို ခေါ်နိုင်သည့် အများ နှင့်သက်ဆိုင်သော သင်္ကေတ။ လောက၌ ကြိုးစား လျှင် မည်သူမဆို သူဌေးဖြစ်နိုင်ပါ၏။ ကိုယ့်နည်း ကိုယ့်ဟန်နှင့် နည်းပေါင်းစုံသုံးပြီး ရှာဖွေစုဆောင်းက ရရှိနိုင်၏။ ( ဘုရားသိသည်–မသိသည် ၊ တရား ရှိသည်–မရှိသည်၊ သမာဓိဝင်ငွေ ဖြစ်သည်–မဖြစ် သည်) ဆိုသည့် အချက်တို့နှင့် မသက်ဆိုင်ပါ။ (ရှိခြင်း – မရှိခြင်း) ဆိုသည့်အချက်ကိုသာ စံထားပြီး တိုင်း တာနိုင်သောကြောင့် တစ်စုံတစ်ခုသော အတိုင်း အတာသို့ ရောက်လျှင် သူ့ကို သူဌေး ဟု ခေါ်နိုင်ပါပြီ။ ဤသို့ဖြင့် လောက၌ သူဌေး ဖြစ်နေသူများစွာ ရှိပါ၏။ သူတို့အချင်းချင်းလည်း တစ်ယောက်နှင့်တစ် ယောက် သူဌေး၊ သူဌေး ဟုခေါ်လေ့ရှိကြ၏။

ကြွယ်ဝသာအသက်တာ ဆိုသည်က ထိုသို့ မ ဟုတ် ၊ လောက၏ ရုပ်ဝတ္ထုပစ္စည်းများ ( ရှိခြင်း– မရှိခြင်း) ဆိုသည့်အချက်ပေါ်တွင် မူတည်ပြီး တိုင်း

တာ၍ရသောအရာမျိုးမဟုတ်။ (ထိုသူတစ်ယောက်သည် ရှိသူရင်လည်းဖြစ်မည်၊ မရှိသူရင်လည်းဖြစ်မည်) စံ တစ်ခုအဖြစ် သတ်မှတ်တိုင်းတာမည်ဆိုက လူတစ်ဦး၏ နှလုံးသားအတွင်း၌ ခရစ်တော် (ရှိ မရှိ) သူ၏ နေ့စဉ်အသက်ရှင်မှု ပုံစံအတွင်း၌ ခရစ်တော် (ပါ–မပါ)ဆိုသည့်အချက်နှင့်သာ တိုင်းတာရပါလိမ့်မည်။ ထပ် ၍ရှင်းရလျှင် ခရစ်ယာန် တစ်ဦးအတွက် လောကီချမ်းသာရေးအကြောင်းကို ဖြစ်စေသော ရုပ်ဝတ္ထုပစ္စည်းများ (ရှိခြင်း–မရှိခြင်း) ကိစ္စသည် ထိုသူတစ်ယောက်ထံ၌ ကြွယ်ဝသောအသက်တာ (ရှိ–မရှိ) ဆိုသည့်အချက်ကို ပေါ်လွင်ထင်ရှားအောင် ပြနိုင်သည့် ပြဒါးတိုင်တစ်မျိုး မဟုတ် (လုံးဝမဟုတ်ပါ)။ ထိုသူတစ်ဦးသည် တောင်ပေါ်ဒေသတစ်ခုကတဲအိုပျက်တစ်လုံး၌ နေထိုင်နေသူ တစ်ဦးရင်လည်းဖြစ်မည်။ ရန်ကုန်မြို့က ဝင်ဒါမီယာရပ်ကွက်အတွင်းရှိ တိုက်ကြီးတစ်လုံးအတွင်း၌ နေထိုင်နေသူ တစ်ဦးရင်လည်း ဖြစ်မည်။ ဟိုး အမေရိကားသို့ ရောက်ပြီး အမေရိကန်လူနေမှု အဆင့်အတန်းတစ်ခု၌ ကျင်လည်နေထိုင်နေသူ တစ်ဦးရင်လည်း ဖြစ်မည်။ ထိုလူမျိုးတို့သည် (Inferiority complex) မိမိကိုယ်မိမိ သိမ်ငယ်သည်ဟု ထင်သည့်စိတ် အလျှင်းမရှိကြသလို (Superiority complex) ခေါ် ဘဝင်မြင့် စိတ်နှင့် နေကြသူများမဟုတ်ပါ။ ထို့ကြောင့် တစ်ယောက်ကိုတစ်ယောက် အထင်ကြီးအားကျလိုစိတ်၊ တုပနှိုင်းယှဉ်လိုစိတ် မရှိသလို ၊တစ်ယောက်နှင့်တစ်ယောက်လည်း အထင်သေး နှိမ့်ချစရာဟု မမြင်ကြပါ။ (သူတစ်ပါးနှင့်ကိုယ် နှိုင်းယှဉ်လိုစိတ်ကင်းကြသူများဖြစ်၏) ။ ထိုသူတို့သည် မိမိဘဝဖြစ်တည်မှုနှင့်ပတ်သက်၍ ဘုရားသခင်အား ကျေနပ်တတ်သူများဖြစ်၏။ သူတို့သည် ရှိသည့် နေရာ ဖြစ်ရာဘဝတစ်ခု၌ ကျရာတာဝန်ကို ထမ်းရွက်ရင်း မိမိကိုယ်မိမိလည်း ကျေနပ်တတ်သူများဖြစ်၏။

ထိုအမျိုးအစားအတွင်း၌ .....

မျက်မမြင် အချို့လည်း ပါ၏။

ခြေလက်အင်္ဂါမစုံသည့် ဒုက္ခိတများလည်းပါ၏။

ဆွံ့အနားမကြားသူ အချို့လည်း ပါဝင်နေ၏။

ထိုအချိန်၌ ခရစ်ယာန်အကောင်းစားအချို့က တိုက်နှင့်ကားနှင့်နေရင်း ၊ ဘုရားသခင်နှင့် ကမ္ဘာလောကကြီးအပေါ် မကျေမနပ်ဖြစ်လျှက် မြည်တွန်တောက်တီးရင်း တောင်းဆုအမျိုးမျိုး ပြုကြရင်းနှင့်...............

အခန်း(၃)

လူသားများက 'ဘုရား' ဟုချီးမြှောက်လိုက်တာကြောင့် 'ဘုရား' ဖြစ်လာရသည့်ပုဂ္ဂိုလ်မျိုးမဟုတ်ပါ။ ဘုရားကိုဘုရားဖြစ်သောကြောင့်သာ ဆည်းကပ်၍ကိုးကွယ်ထိုက်၏။ ကြည်ညိုလေးစားထိုက်၏။ အခြားမည်သည့်အကြောင်းတရားတစ်စုံတစ်ရာမပါဝင်ဘဲ ကိုးကွယ်မှုပြုခြင်းသည်သာ မင်္ဂလာရှိသော စစ်မှန်လေးနက်သည့်ဝတ်ပြုကိုးကွယ်ခြင်း မည်ပါ၏။ ထိုသဘောတရားကို ဘာသာတရားအသီးသီး မူကွဲပုံစံဖြင့် ကိုးကွယ်နေကြသော လူများစွာအနက် (အချို့) က 'မြင်သိခြင်း' ရှိ၏။ အချို့က လောက၌ အသက်တစ်ရာပင်ရှည်ငြား၊ ထိုသဘောတရားကို နားမလည်သွားကြပါ။ သူတို့သည် မည်သည့်အမှုကိုပြုပြု 'ကုသိုလ်' ရေးကိုသာတွက်ချက်၍ ပြုမူလုပ်ကိုင်သွားခဲ့ကြ၏။ ထိုသဘောထားမျိုးသည် မှားယွင်းသည်ဟုတော့ ပြော၍မရပါ။ တူသောအကျိုးကိုတော့ တန်ပြန်ခံစားကြရပါ၏။ သို့သော် မြင့်မြတ်သော၊ မွန်မြတ်သော ဆိုသည့် အဆင့်တစ်ခု၌ (တန်းမဝင်ပါ)။

(Narcissism)သဘောတရားသည်အခြားသူများအတွက်တော့ မပြောတတ်ပါကျွန်တော့်ထံ၌ ငယ်စဉ်ဘဝမှစ၍အချိန်ကာလ အင်မတန်ကြာ သည်အထိ အမြစ်စွဲ၍တွဲပါနေခဲ့ဖူးကြောင်း ဝန်ခံရမည်ဖြစ်၏။

အချိန်တစ်ခု၌ ဉာဏ်အလင်းပေါက်၍ ထိုသဘောတရားမျိုး၏ ဖုံးအုပ်ထားမှုအောက်မှ ထွင်းဖောက်၍ ထွက်နိုင်ခဲ့ခြင်းသာဖြစ်ပါ၏။ထိုအခါမှစ၍ တမန်တော်ကြီးရှင်ပေါလု၏ ကြွေးကျော်သံကို ကျွန်တော် 'နှလုံးသား'

ဖြင့် လက်ခံနိုင်ခဲ့၏။ ယခင်က ဦးနှောက်ဖြင့်သာ လက်ခံနိုင်သောစကားဖြစ်၏။ 'အကြောင်းမူကား သေခြင်းဖြစ်စေ အသက်ရှင်ခြင်းဖြစ်စေ ကောင်းကင်တမန်ဖြစ်စေ အထွတ်အမြတ်ဖြစ်စေ အာဏာတန်ခိုးဖြစ်စေ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတ္တံ့သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍ အဘယ်နိမိတ္တအရာမျှသည် ငါတို့သခင်ယေရှုခရစ်အားဖြင့်ခံရသော.... ဘုရားသခင်၏ မေတ္တာတော်နှင့်ငါတို့ကို မကွာစေနိုင်ဟု ငါသည် သဘောကျလျှက်ရှိ၏' (ရောမ ၈း၃၈)။

နောက်လဆက်ဖတ်ရန်

–တင်အောင်လွင် (Exodus)

# စစ်မှန်သောချမ်းသာကြွယ်ဝခြင်း

**ရုပ်ဝတ္ထုအားဖြင့် ချမ်းသာကြွယ်ဝခြင်းသည် လူတို့၏အာရုံစိုက်မှုကို အလျင်အမြန်ဖမ်းချုပ်နိုင်ပြီး အဓိကအရေးကြီးသော စစ်မှန်သော ချမ်းသာကြွယ်ဝ ခြင်းကို ဖုံးကွယ်ထားတတ်၏. . .**

ကျွန်မ၏ပတ်ဝန်းကျင်၌ အချို့သောသူများသည် စည်းစိမ်ဥစ္စာပေါများချမ်းသာကြွယ်ဝကြသော်လည်း သူတို့၏ပျော်ရွှင်မှုများသည် အပေါ်ယံသာဖြစ်ပြီး စိတ်၏ငြိမ်သက်ချမ်းသာခြင်းကို မခံစားနိုင်ကြောင်းကို မြင်တွေ့နေရပါသည်။

ထို့ကြောင့် တကယ်စစ်မှန်သော ချမ်းသာကြွယ်ဝခြင်းဆိုတာဘာလဲ ၊ အဖြေမှန်ကိုပေးနိုင်သည့် သမ္မာကျမ်းစာတော်မြတ်၌ ရှာဖွေလေ့လာရန်စိုင်းပြင်းခဲ့ပါသည်။ ထိုသို့ စစ်မှန်သောချမ်းသာကြွယ်ဝခြင်းကိုစိတ်အားထက်သန်စွာလေ့လာနေစဉ် ဘုရားသခင်သည် ကျွန်မကိုတသက်လုံးမှတ်သားနာယူပြီး သက်သေခံနိုင်ဖို့သော်၎င်း၊ ဘုရား၏ဘုန်းတော်ကိုထင်ရှားစေနိုင်ရန်သော်၎င်း၊ လက်တွေ့ကျကျ သွန်သင်ပြသခဲ့ပါသည်။

၂၀၀၈ ခုနှစ်မေလ ၂၄ ရက်၊ စနေနေ့ည ၉ နာရီအချိန်တွင် ဥပုဒ်တော်နေ့အတွက် (Choir) သွား ကျင့်ရာမှ အိမ်သို့အပြန်လမ်း၊ ကျွန်မအိမ်နှင့် သိပ်မဝေးတော့သည့် နေရာ၊ မြစ်ကြီးနားမြို့မ ရပ်ကွက် လမ်းမီးမရှိ၍ မှောင်နေသောနေရာ၌ ကျွန်မ တစ်ယောက်ထဲ လမ်းမဘေးနားကပ်ပြီး လမ်းလျှောက်ပြန်လာခဲ့ရာ၊ လူနှစ်ယောက်စီးသော ဆိုင်ကယ်တစ်စီးသည် အလွန်ပြင်းထန်စူးရှသော အသံဖြင့် လမ်းမပေါ်မှဖြတ်သန်းသွားခဲ့ပါသည်။ ထိုနောက် ရုတ်တရက် ချက်ချင်း အသံမပြုဘဲ ကျွန်မဘေးနားကပ်လျက်၊ ထိလျက်၊ ဘာများပါလိမ့် ဆိုပြီးမော့ကြည့်ရုံရှိသေးတယ်၊ လူနှစ်ယောက်စီးသော ဆိုင်ကယ်ဖြစ်နေပြီး တစ်ယောက်သောသူက မထင်မှတ်ဘဲ ကျွန်မလည်ပင်းမှ စိန်ဆွဲသီးနှင့် ရွှေသုံးကျပ်သား အလေးချိန်ရှိသော ဆွဲကြိုးကိုဖြတ်ယူပြီး လျင်မြန်စွာမောင်းနှင် ထွက်ပြေးသွားကြပါသည်။ ကျွန်မလည်း ၅ မိနစ်ခန့်အကြာတွင် အိမ်သို့ပြန်ရောက်ပြီး ချွေးမနှင့်အတူ မြစ်ကြီးနားမြို့အမှတ် (၁) ရဲစခန်းသို့သွားရောက်တိုင်ကြားခဲ့ပါသည်။ ရဲစခန်းမှ အိမ်သို့ပြန်လာပြီး အိပ်ယာဝင်ခဲ့ပါသော်လည်း စိတ်ထဲ၌ တုန်လှုပ်ချောက်ခြားနေသောကြောင့် အိပ်မပျော်နိုင်ခဲ့ပါ။ ဘုရားသခင် … ကျွန်မကို ငြိမ်သက်မှုပေးပါဘုရား… ဟုဆုတောင်းရင်း ချက်ချင်းစိတ်ထဲ၌ ပေါ်လာသည်မှာ … သြော်..ကျွန်မလေ့လာဆည်းပူးနေသော၊ ကျွန်မအလွန်သိချင်နေသော၊ စစ်မှန်သည့် ချမ်းသာကြွယ်ဝခြင်းဆိုသည်မှာ ဒါပါဘဲ…ဆိုပြီး ကျယ်သောအသံဖြင့် ဘုရားသခင်ထံတော်ပါးသို့ အောက်ပါအတိုင်းကျေးဇူးတော်ချီးမွမ်းဆုတောင်းခဲ့ပါသည်။

၁။ ဘုရားသခင် ကျွန်မသည် သူတပါးပစ္စည်းဥစ္စာ လုယူသူမဟုတ်ရသောကြောင့် ကျေးဇူးတင်ပါသည် ဘုရား။

၂။ သူတပါး၏ ပစ္စည်းဥစ္စာကိုလိုချင်တပ်မက်မောသောစိတ်နှလုံး ကျွန်မကိုမပေးသောကြောင့်လည်း ဘုရားရှင်ကို ကျေးဇူးတင်ပါသည်။

၃။ ကျွန်မကို မသမာသောနည်းအားဖြင့်၎င်း၊ လုယူခြင်းအားဖြင့်၎င်း၊ မဟုတ်သောစည်းစိမ်ဥစ္စာများစွာကိုပေးထားပြီး ရောင့်ရဲသောစိတ်ကိုလည်း ပေးထားသောကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါသည်။

၄။ ဆွဲကြိုးသာလုယူပြီး ကျွန်မကို ထိခိုက်ဒါဏ်ရာရအောင် မလုပ်ခဲ့သောကြောင့် ကျေးဇူးတင်ပါသည် ဘုရား။

၅။ ဤအဖြစ်အပျက်အတွေ့အကြုံအားဖြင့် ကျွန်မသိချင်သော စစ်မှန်သော ချမ်းသာကြွယ်ဝခြင်းကိုလက်တွေ့သိရှိခွင့်ပေးသောကြောင့် ဘုရားရှင်ကို အထူးကျေးဇူးတင်ပါသည်။

၆။ ဆွဲကြိုးလုယူသူတို့ကိုလည်း ပြောင်းလဲစေတော်မူပါ၊ တရားသောနည်းဖြင့် အသက်မွေးဝမ်းကြောင်းလုပ်နိုင်ဖို့ ခွန်အားပေးတော်မူပါ။

၇။ ဘုရားဘုန်းတော် ထင်ရှားဖို့ ဆွဲသီးနှင့် ဆွဲကြိုးကိုပြန်လည် ရရှိပါကလည်း ကိုယ်ကျိုးအတွက် မသုံးဘဲ အားလုံးကို ဘုရားသခင်၏နိုင်ငံတော်အတွက် အသုံးပြုပါမည် ဟုကျေးဇူးတော်ချီးမွမ်းပြီးမှ တုန်လှုပ်ချောက်ခြားခြင်း မရှိတော့ဘဲ စိတ်၏ ငြိမ်သက်ခြင်းကို ရရှိပြီး အိပ်ပျော်သွားခဲ့ပါသည်။

ဘုရားသခင်၏ကျေးဇူးတော်သက်သက်အားဖြင့်သာ စစ်မှန်သော ချမ်းသာကြွယ်ဝခြင်းကို လေ့လာ ဆည်းပူးနေချိန်ဖြစ်သောကြောင့် စိတ်ငြိမ်သက်ခြင်းကို ရရှိခဲ့ပါသည်။

သမ္မာကျမ်းစာထဲ၌ စစ်မှန်သော ချမ်းသာကြွယ်ဝခြင်းကို အောက်ပါအချက်များဖြင့် တွေ့ရှိနိုင်ပါသည်။

### (က) ဘုရားသခင်သည် ခပ်သိမ်းသောချမ်းသာကြွယ်ဝခြင်း၏ မူလအစဖြစ်သည်။

၁။ ဘုရားသခင်သည် အလုံးစုံကိုပိုင်သသည်။

- မြေကြီးရှိသမျှသည် ငါ၏ဥစ္စာဖြစ်၏။ (ထွက် ၁၉း ၅)။
- ထာဝရဘုရားသည် မြေကြီးနှင့် မြေကြီးတန်ဆာကို၎င်း၊ လောကဓါတ်နှင့် လောသားတို့ကို၎င်း ပိုင်တော်မူ၏ (ဆာ ၂၄း၁၊ ၁ကော ၁၀း ၂၆)။
- ရွှေနှင့် ငွေငါပိုင်သည် ဟုကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူ၏ (ဟဂ္ဂဲ ၂း၈)။

၂။ ဘုရားသခင်သည်ချမ်းသာကြွယ်ဝခြင်းကိုပေး

သည်။

– ထိုပြည်၌ ဣဇက်သည်မျိုးစေ့ကိုကြဲ၍ တစ်နှစ်ခြင်းတွင် အဆတစ်ရာသော အသီးအနှံကို ရလေ၏။ ထာဝရဘုရားသည်လည်း ကောင်းကြီးပေးတော်မူသဖြင့်၊ သူသည် ကြီးပွါး၍ အလွန်စည်းစိမ်ကြီးသည် တိုင်အောင် တိုးတက်လျက် စီးပွါး ဥစ္စာများပြားစွာ ဖြစ်လေ၏။ သိုးစု နွားစုများ ကျွန်များနှင့် ပြည့်စုံကြွယ်ဝ၏ (ကက ၂၆ ၁၂–၁၃)။

– စည်းစိမ်ရတတ်သော အစွမ်းသတ္တိကို ဘုရားသခင်ပေးတော်မူ၏ (တရား ၈း၁၆–၁၈)။

၃။ ဘုရားသခင်သည် ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းကို ပေးပိုင်တော်မူသည်။

– ငွေရတတ်သောသူနှင့် ဆင်းရဲသောသူတို့သည် တွေ့ ကြုံကြ၏။ ထိုသူအပေါင်းတို့ကို ထာဝရဘုရားဖန်ဆင်းတော်မူသည် (သုတ္တံ ၂၂း၂)။

– ဆင်းရဲစေခြင်းငှါ၎င်း၊ ရတတ်စေခြင်းငှါ၎င်း ထာဝရဘုရားပြု၍ နှိမ့်ချသောအခွင့်၊ ချီးမြှောက်သောအခွင့်ရှိတော်မူ၏ (၁ရာ ၂း၇)။

## (ခ) ကြွယ်ဝခြင်းနှင့်ဆိုင်သောဘုရားသခင်၏ မိန့်ကြားချက်များ

၁။ ဘုရားသခင်ကိုကြွယ်ဝခြင်း၏ မူလအပြစ်အဖြစ် အသိအမှတ်ပြုရမည်။

– သင်၏ဘုရားသခင်ထာဝရဘုရားကို သာအောက်မေ့ရမည်။ အကြောင်းမူကား သင်၏ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသော ပဋိညာဉ်တရားတော်ကို ယနေ့ကဲ့သို့တည်စေလိုသောငှါ၊ စည်းစိမ်ရတတ်သော အစွမ်းသတ္တိကို ဘုရားသခင်ပေးတော်မူ၏ (တရား ၈း၁၈)။

– ဂုဏ်အသရေနှင့် စည်းစိမ်ဥစ္စာသည် ကျေးဇူးတော်ကြောင့်သာဖြစ်၏။ ကိုယ်တော်သည် ခပ်သိမ်းသောသူတို့ကို အုပ်စိုးတော်မူ၏။ ခွန်အားအစွမ်းသတ္တိကိုပေးပိုင်တော်မူ၏။ ခပ်သိမ်းသော သူတို့အား ကြီးမြတ်သောအခွင့်နှင့် ခိုင်ခန့်သောအခွင့်ကိုပေးပိုင်တော်မူ၏ (၁ရာ ၂၉း၁၂)။

၂။ စည်းစိမ်ဥစ္စာကို ဘုရားသခင်၏အမှုတော်၌ အသုံးပြုရမည် (ထွက်မြောက် ၃၅း၄–၉။ ၁ရာ ၂၉း ၃–၄၊ မာလခိ ၃း၈–၁၀)။

၃။ ဆင်းရဲသောသူတို့အားပေးကမ်းဝေငှရမည် (ဆာလံ ၈၂း၃–၄၊ မဿဲ ၁၉း၁၆–၂၁၊ ဧ ၄း၂၈)။

၄။ မြေကြီးပေါ်၌ ဥစ္စာပစ္စည်းများကို မသိုမှီးရ (မ ၆း၁၉–၂၁)။

– သံချေး၊ ပိုးရွ ဖျက်ဆီး၍ သူခိုးထွင်းဖေါက်ခိုးယူရာ မြေကြီးပေါ်မှာ ဘဏ္ဍာကိုမဆည်းပူးကြနှင့်။

၅။ စည်းစိမ်ဥစ္စာ၌ မကိုးစားရ။

– ဤဘဝ၌ ငွေရတတ်သောသူတို့သည် မာန်မာနစိတ်နှင့်ကင်းလွတ်၍၊ မမြဲသောစည်းစိမ်ကို မကိုးစားဘဲ ငါတို့ခံစားဘို့ရာ အလုံးစုံတို့ကို ကြွယ်ဝစွာပေးသနားတော်မူသော အသက်ရှင်တော်မူသော ဘုရားသခင်ကို ကိုးစားရမည် (၁တိ ၆း၂၇)။

မိမိစည်းစိမ်ဥစ္စာ၌ ကိုးစားပါက ငါကြွားမာန်မာနထောင်လွှားပြီး၊ တစုံတခုကိုမျှ မလိုဟု ပြောဆို၍ ဖန်ဆင်းရှင် ဘုရားသခင်ကို စွန့်ပစ်သောကြောင့် ဣသရေလ အမျိုးသားတို့ ရန်သူလက်ထဲ အပ်ခြင်းခံရကြောင်း သမ္မာကျမ်းစာတွင် တွေ့ရပါသည်။

၆။ လောဘလွန်ကျူးခြင်းမရှိရ (ဧ ၅း၃၊ ကော ၃း၅)။

– လောဘလွန်ကျူးပါက မတရားသောစီးပွါး ရှာပြီး လူတို့သည် အကျိုးနည်းခြင်း၊ ပျက်စီးခြင်း၌ နစ်မွန်းတတ်ကြ၏။

## (ဂ) သမ္မာကျမ်းစာထဲ၌ ကြွယ်ဝခြင်းကိုအောက်ပါအတိုင်း အသိအမှတ်ပြုထားသည်။

၁။ စည်းစိမ်ဥစ္စာသည် ပျောက်ကွယ်တတ်သည်။

– ပျောက်တတ်သော အရာကိုစေ့စေ့မျက်မှောက်ပြုသင့်သလော၊ အကယ်စင်စစ် ရွှေလင်းတသည် မိုဃ်းကောင်းကင်သို့ ပျံတတ်သကဲ့သို့ ထိုအရာသည် အတောင်တို့ကို လုပ်၍ ပျံသွားတတ်၏ (သုတ္တံ ၂၃း၅)။

– စည်းစိမ်သည်အမြဲမတည်တတ် (သုတ္တံ ၂၇း၂၄)။

၂။ စည်းစိမ်ဥစ္စာသည် ပျက်စီးတတ်သည်။

– သင်တို့ဥစ္စာပစ္စည်းသည် ပုပ်စပ်လျက်ရှိ၏။ အဝတ်ကိုလည်း ပိုးကိုက်စားလေပြီ။ ရွှေငွေလည်းသံချေးတက်၍ ပျက်ကုန်ပြီ (ယာ ၅း၂–၃၊ မ ၆း၁၉)။

၃။ စည်းစိမ်ဥစ္စာသည် ပျက်စီးလွယ်သည်။

– ရွှေငွေ အစရှိသော ဖောက်ပြန်ပျက်စီးတတ်သော ဥစ္စာနှင့် သင်တို့ကို ရွေးတော်မူသည်မဟုတ် (၁ပေ ၁း၁၈)။

၄။ စည်းစိမ်ဥစ္စာသည်မမြဲပါ (၁တိ ၆း၁၇)။

၅။ စည်းစိမ်ဥစ္စာ သည်ရောင့်ရဲခြင်း မဖြစ်စေနိုင် (ဒေ ၄း၈၊ ဒေ ၅း၁၀)။

၆။ စည်းစိမ်ဥစ္စာ သည်လှည့်စားတတ်၏ (မ ၁၃း၂၂)။

၇။ စည်းစိမ်ဥစ္စာသည် ဝိညာဉ်ရေး၌ အန္တရယ်ဖြစ်စေသည် (လု ၁၈း၁၈–၂၅)။

## (ဃ)စစ်မှန်သော ချမ်းသာကြွယ်ဝခြင်းသည် ဝိညာဉ်ရေးနှင့်သာဆိုင်သည်။

၁။ သခင်ယေရှုကိုရရှိခြင်းသည် အရာခပ်သိမ်းကို ရရှိသကဲ့သို့ တန်ဖိုးရှိသည်။

– ကိုယ့်ပစ္စည်း ဥစ္စာများကို သူတပါးလုယူဖျက်ဆီးသော်လည်း ကိုယ်သုံးစရာဘို့ကောင်းကင်ဘုံ၌ သာ၍မြတ်သော အမြဲတည်သော ဘဏ္ဍာရှိသည်ကို သိ၍ လုယူဖျက်ဆီးခြင်းကို ဝမ်းမြောက်သောစိတ်နှင့် ဝန်ခံကြ၏ (ဟေဗြဲ ၁၀း၃၄)။

၂။ သခင်ယေရှုကိုယုံကြည်ခြင်းသည် စစ်မှန်သော ကြွယ်ဝခြင်းကို ဖြစ်စေသည်။

– ပျက်စီးတတ်သော ရွှေကို စစ်ကြောစုံစမ်းခြင်းထက် သင်တို့ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သာ၍မြတ်သည်နှင့် ယေရှုခရစ်ပေါ်ထွန်းတော်မူသောအခါ အချီးအမွမ်း ဂုဏ်အသရေ၊ ဘုန်းအာနုဘော်အလို့ငှါဖြစ်သည်အကြောင်း၊ အထူးထူးအပြားပြားသော စုံစမ်းနှောင့်ယှက်ခြင်းကို ခံရသောအကြောင်း ရှိလျှင် သည်တို့သည် ယခုခဏခံစားရ၍ ဝမ်းနည်းသော်လည်း အထက်ဆိုခဲ့ပြီးသော ကျေးဇူးတော်ကို ထောက်၍ ရွှင်လန်းသောစိတ်ရှိကြ၏ (၁ပေ ၁း၇)။

၃။ ဘုရားသခင်၏ကျေးဇူးတော်သည် ဝိညာဉ်ကြွယ်ဝခြင်းကိုဖြစ်စေသည်။

- တပါးအမျိုးသားတို့တွင် ဤနက်နဲသောအရာနှင့် ဆိုင်သော မဟာစည်းစိမ်ကား အဘယ်မျှလောက်ကြီးသည်ကို သန့်ရှင်းသူတို့သည် သိစေခြင်းငှါ၊ ဘုရားသခင်အလိုရှိတော်မူ၏။ ထိုစည်းစိမ်ကား၊ ဘုန်းအသရေကို မျှော်လင့်ခြင်း အကြောင်းတည်းဟူသော သင်တို့အထဲ၌ တည်တော်မူသော ခရစ်တော်ပေတည်း (ကော ၁း၂၇)။

၄။ သခင်ခရစ်တော်၌ ကျွန်ုပ်တို့အရာခပ်သိမ်းကို ရရှိသည်။

- ခပ်သိမ်းသောအရာတို့သည် သင်တို့အဘို့ဖြစ်ကြ၏၊ သင်တို့သည်လည်း ခရစ်တော်အဘို့ ဖြစ်ကြ၏ (၁ကော ၃း၂၁-၂၃)။

၅။ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံ၌ ဘဏ္ဍာကို စုဆောင်းရမည်။

- သံချေး ပိုးရွမဖျက်ဆီး၍ သူခိုးမထွင်းမဖေါက် မခိုးမယူရာ ကောင်းကင်ဘုံ၌ ဘဏ္ဍာကိုစည်းပူးကြလော့ (မ ၆း၂၀၊ ၁တိ ၆း၂၉)။

ရုပ်ဝတ္ထုအားဖြင့် ချမ်းသာကြွယ်ဝခြင်းသည် လူတို့၏အာရုံစိုက်မှုကို အလျင်အမြန်ဖမ်းချုပ်နိုင်ပြီး အဓိကအရေးကြီးသော စစ်မှန်သော ချမ်းသာကြွယ်ဝခြင်းကို ဖုံးကွယ်ထားတတ်၏။

သမ္မာကျမ်းစာတွင် ရုပ်ဝတ္ထုအားဖြင့် ချမ်းသာကြွယ်ဝခြင်းသည် မမျှော်လင့်သော အန္တရယ်များ ပြဿနာများကိုလည်းဖန်တီးနိုင်ပါကြောင်း သတိပေးချက်များကို တွေ့ရှိရပါသည်။ ခရစ်တော်၌ ဝိညာဉ်ရေးရာအားဖြင့် ချမ်းသာကြွယ်ဝခြင်းတွင်မူ ကျဆုံးဖွယ်အလျင်းမရှိပေ။

လူ့ဘဝသည် ပစ္စည်းဥစ္စာကြွယ်ဝ ပိုင်ဆိုင်ရုံမျှနှင့် ပြီးပြည့်စုံသည် မဟုတ်ပါ။ ဘုရားသခင်၌ စစ်မှန်သော ချမ်းသာကြွယ်ဝခြင်းပါမှသာလျှင် ပြီးပြည့်စုံကြောင်းသိမြင်ခဲ့ရပါသည်။

နိုင်ငံတော်နှင့် အလိုတော်ကို ဦးစွာရှာလျက် မိမိ၏ဘဏ္ဍာတော်ကိုလည်း လောက၌မသိုမှီးဘဲ ကောင်းကင်ဘုံ၌ သိုထားလျှင် ဘုရားရှင်၌ ကြွယ်ဝလိမ့်မည်။ ကောင်းကင်ဘုံမှ ခမည်းတော်သည် လူတို့အလိုကိုသိနှင့်ပြီးဖြစ်၍ လုံလောက်ထိုက်သင့်စွာ ချပေးတော်မူလိမ့်မည်။ ဘုရားသခင်က ကျွန်ုပ်တို့အား ဂရုပြုတော်မူသောကြောင့် စိုးရိမ်ပူပန်စရာမလိုပါ (လု ၁၂း၂၉-၃၀)။

-အန်တီ ခမ်း-

# ထာဝရဘုရား၏စစ်ဆေးမှုကိုခံယူခြင်း

သုတ္တံကျမ်းတွင် မိမိ၏ဝိညာဉ်ခန္ဓာစစ်ဆေးရန်နှင့် ဆာလံဆရာကလည်း ထာဝရဘုရားအား ဆရာဝန်အဖြစ်အားကိုးပြီး မိမိကိုယ်ကို ဆေးစစ်ဖို့ဖိတ်ခေါ်သည်ကိုတွေ့ရသည်

ကျမ်းစာ .. ဆာလံ ၂၆း၂

*"အို..ထာဝရဘုရား၊ အကျွန်ုပ်ကိုစစ်ဆေးစုံစမ်း၍ နှလုံးကျောက်ကပ်ကိုဆေးကြောတော်မူပါ"*

သုတ္တံကျမ်း ၄း၂၀-၂၇

နိဒါန်း

ကျွန်ုပ်တို့အသက်တာတွင် လူသားများ မိမိ၏ကျန်းမာရေးအတွက် နှစ်စဉ် ဆေးစစ်ကြသည်။ ခေတ်ကာလပြောင်းလဲတိုးတက်လာသည်နှင့် အမျှ ဆေးပညာနည်းပညာများတိုးတက်ခေတ်မှီလာကာ ခန္ဓာကိုယ် တစ်ခုလုံးကို စစ်ဆေးနိုင်ပြီးဖြစ်သည့် အရင်ကဆိုလျှင် သိရသလောက် နား၊ မျက်စိ၊ နှလုံး စသည်ဖြင့် ဓါတ်မှန်ရိုက်စစ်ဆေးသည်။ သို့သော် ယခုကာလတွင် ခန္ဓာကိုယ်အတွင်း အပြင်နေရာတိုင်းကို စစ်ဆေးနိုင်ပြီးဖြစ်သည့် X'ray ကနေ Aultra sound နောက် MIR တို့ Catscan တို့အများကြီးရှိသည်။

သို့ရာတွင် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာဆိုင်သော ခန္ဓာဆေးစစ်မှုကို ပြုလုပ်ဖို့ မေ့တတ်ကြသည်။ သုတ္တံကျမ်းတွင် မိမိ၏ဝိညာဉ်ခန္ဓာစစ်ဆေးရန် နှင့် ဆာလံဆရာကလည်း ထာဝရဘုရားအား ဆရာဝန် အဖြစ်အားကိုးပြီး မိမိကိုယ်ကို ဆေးစစ်ဖို့ဖိတ်ခေါ်သည်ကိုတွေ့ရသည်။ သူ၏ဖန်ဆင်းတဲ့ သခင်က သူ ခန္ဓာကိုယ်ကို အကြောင်းပိုသိတယ်၊ သူယုံတဲ့ အတွက်ဖြစ်သည်။

ယနေ့ကျွန်ုပ်တို့သည်လည်း မိမိကိုယ်ကို ဆေးစစ်ကြည့်ကြရအောင် ဖိတ်ခေါ်ချင်ပါသည်။

နား (သုတ္တံ ၄း၂၀)

*"ငါ့သား၊ ငါ့စကားကို နားထောင်လော့၊ ငါ ဟောပြောချက်တို့ကို နားသွင်းလော့၊ သင့်မျက်မှောက်မှမကွာစေနှင့် ..."*

နားထောင်၊ နားသွင်းလို့ဆိုထားပါတယ်။ တခါတရံ သားသမီးများကို ဆုံးမလို့မရရင် နားကောက်တယ် လို့ပြောတတ်ကြတယ်။

ကျွန်တော့်အဖေ ကတော့ ကျွန်တော်တို့ကို ဆုံးမလို့မရရင် ဘာပြောလဲဆိုတော့ 'ငါ့သား၊ ငါ့သမီးကနားတော့ရှိတယ်.. နားကအရွက်ပဲရှိတယ်.. အပေါက်မပါဘူး ' လို့ပြောတယ်။ နားမဝင်ဘူး၊ ဝင်စရာအပေါက်မရှိလို့ပေါ့။

ခရစ်တော်ကလည်းပြောပါတယ်၊ 'နားရှိသောသူတို့ကြားပါစေ တဲ့။

ဒါကြောင့် နားကောင်း၊ မကောင်းသိဘို့ကတော့ "ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ကြားရဲ့လား၊ နားလည်ရဲ့လား၊ ဆိုတဲ့ မေးခွန်းနဲ့စစ်ဆေးနိုင်ပါတယ်။

အကြားအာရုံ မရှိတဲ့နားဟာ နားထိုင်း၊ နားလေး၊ နားပင်းလို့ပြောကြပါတယ်။ နားမထောင်ရင်

တော့ နားမဝင်ရင်၊ မခံယူရင်တော့ နားကောက်တယ်၊ ကျွဲပါးစောင်းတီးတယ်လို့ ပြောတတ်ကြပါတယ်။

ဒီနေ့ ကျွန်ုပ်တို့ရဲ့ နားကို နှုတ်ကပတ်တော်နဲ့ စစ်ဆေးပါ။ ဘုရားဖန်ဆင်းတဲ့ နားဟာအရွက်ကပ်ထားရုံ ကပ်ထားတဲ့ နားမဟုတ်ပါ။ အလှမဟုတ်ပါ၊ ဘုရားက ကျွန်ုပ်တို့နဲ့စကားပြောချင်လို့ သူ့စကားကို ကြားဖို့ နားသွင်းဖို့ ဖန်ဆင်းထားတယ်ဆိုတာ မမေ့ဖို့ လိုအပ်ပါတယ်။

**မျက်စိ (သုတ္တံ ၄း ၂၅)**

*‘‘သင်၏မျက်စိသည်ရှေ့ရှုကြည့်၍ မျက်ခမ်းတို့သည် တည့်တည့်အာရုံပြုစေလော့’’*။

ဘုရားသခင်က ကျွန်တော်တို့ကို တည့်တည့်မတ်မတ်မှန်မှန်ကန်ကန် မြင်စေချင်တဲ့ဘုရားဖြစ်တယ်။ ဖန်ဆင်းထားတဲ့ မျက်စိအနေအထားကို ကြည့်လျှင်ရှင်းနေပါတယ်။ မျက်စိကို ရှေ့ကြည့် ဖို့ရှေ့မှာ ဖန်ဆင်းထားပါတယ်။ နောက်မှာကြည့်စေချင်ရင် ကြက်တွေလို နားတဖက်စီမှာ တစ်လုံးစီတတ်ဖို့ပဲရှိပါတော့တယ်။

စစ်ဆေးဖို့ကတော့ ‘ဘုရားသခင်၏ဆုံးမမှုကိုကြည့်မှတ်လျက်’ နေပါသလား ဒီနည်းလမ်းဟာဖြင့် ကျွန်ုပ်တို့ရဲ့အသက်တာကို ဖြောင့်မတ်ဖို့ ပဲ့ပြင်ပေးမှာဖြစ်ပါတယ်။

မျက်စိပါလျက်နှင့် မမြင်လျှင် ကြောင်တောင်ကန်းပေ့ါ ... ဒါပေမဲ့လူတွေက အမြင်အာရုံနည်းသွားမှာကိုတော့ စိုးရိမ်တတ်ကြပါတယ်။ မျက်မှန်၊ မျက်ကပ်မှန်၊ မျက်စိအားဆေးများကို အသုံးပြုပြီးကိုယ့်မျက်စိကို ဂရုတစိုက်ပြုကြပါတယ်။

တခါတရံ လူသားများသည် မိမိ၏ အမြင်အာရုံကိုကာကွယ်ချင်တော့ တခြားအရာများကို ယမ်းတတ်ပါတယ်။ ‘‘တယ် ... ဒီမျက်စိ ကမမြင်ဘူးလား ....’’ လို့ပြောတတ်ကြပါတယ်။ ခြေထောက်ကသာ မြင်ရမယ်ဆိုလျှင် ဖုံဝင်လို့၊ အမှိုက်ဝင်လို့ ဒုက္ခအကြီးအကျယ်ရောက်မှာ ကိုတော့ မစဉ်းစားကြပါဘူး။ ဖန်ဆင်းရှင်က သိလို့ သင့်တော်တဲ့နေရာမှာ သင့်တော်သလိုဖန်ဆင်းပေးထားခဲ့ဒါဖြစ်ပါတယ်။

ဒါကြောင့် ဘုရားသခင်မြင်စေချင်တဲ့ ‘မျက်စိ’ ရှိရဲ့လားလို့ စစ်ဆေးဖို့လိုအပ်ပါတယ်။

**နှလုံး ( း၂၃)**

*‘‘နှလုံးသည်အသက်၏ အခြေအမြစ်ဖြစ်သောကြောင့်၊ သင်၏နှလုံးကိုအထူးသဖြင့် စောင့်ရှောက်ကြလော့’’*

အသက်ရှင်နေတယ်ဆိုတာ နှလုံးခုန်နေလို့ နှလုံးအားကောင်းပြီး အလုပ်လုပ်နေလို့ပေ့ါ ... နှလုံးခုန်တာနဲ့ ရင်ခုန်တာ နဲ့တော့ မရောလိုက်ပါနဲ့၊ နှလုံးအားနည်းလာပြီဆိုရင်ရင်တော့ မောတတ်လာတယ် ..သွေးသွားမှု အားနည်းတော့ ပြာတတ်လာတယ်။ အသက်မရှိတဲ့လူတွေ အရောင်မရှိ ပြာတယ်ဆိုတာ နှလုံးကသွေးမပို့ပေးတော့လို့ဖြစ်တယ်။

နှလုံးအားကောင်းအောင် ကြိုးစားကြရဲ့လား၊ နှလုံးကိုကျန်းမာအောင်ကာကွယ်ရဲ့လား၊ သင့်ရဲ့ နှလုံးကို မကောင်းမှုမှကာကွယ်ရဲ့လား၊ နှလုံးကျန်းမာဖို့ စစ်ဆေးဖို့လိုအပ်ပါတယ်။

**လျှာ ( း၂၄)**

*‘‘ကောက်သောစကားတို့ကို၎င်း၊ ငြင်းဆန်တတ်သော နှုတ်ခမ်းတို့ကို၎င်း ဝေးစွာ ပယ်ရှောင်လော့’’*

ရှင်ယာကုပ်ကလည်း လျှာ နှင့်ပတ်သက်ပြီး ဆုံးမထားတယ်.. (၃း၂-၁၂)။ လျှာဟာ အရေးကြီးသလို အန္တရာယ်လည်းကြီးတယ်လို့ဆိုထားပါတယ်။ သေးငယ်တဲ့ တက်မ ကဲ့သို့ သင်္ဘောကြီးတစ်ခုလုံးကို လှည့်ပတ်ထိန်းချုပ်နိုင်တယ်။

လျှာ.. နှင့်ပတ်သက်ပြီး ... မီးလောင်ရာလေပင့်၊ အချွန်နဲ့ မ၊ ကုန်းအဆင်းမှာ ဘီးတတ်ပေး စသဖြင့်ဆိုရိုးစကားတွေလည်းရှိတယ်မဟုတ်လား။ ထို့အပြင် လျှာကို အဆိပ်အတောက် နဲ့ခိုင်းနှိုင်းတတ်ကြပါသေးတယ်။ ချီးမွမ်း ဖို့ ကျိန်ဆဲဖို့ ရာမှာလည်း လျှာပါဘဲ။

စစ်ဆေးဖို့ကတော့ လျှာ နှင့် ပါးစပ် သန့်ရှင်းရဲ့လား၊ ခံတွင်းကျန်းမာရေးက အလွန်အရေးကြီးပါတယ်။

**ခြေထောက်**

*‘‘သင်သွားရာလမ်းကို စူးစမ်း၍ သွားလေရာ၌ တည်ကြည်ခြင်းရှိစေလော့၊ လက်ယာဘက်၊ လက်ဝဲဘက်သို့ မတိမ်းမလွှဲနှင့်၊ ဒုစရိုက်ပြုရာလမ်းကို ရှောင်လော့’’*

ခြေထောက်ဟာလည်း အင်မတန် အရေးကြီးပါတယ်။ ‘အတွေ့အကြုံ အောက်ခြေမခိုင်ဘူး၊ အောက်ခြေလွတ်တယ်’ ဆိုတဲ့ အသုံးအနှုန်းတွေဟာ ခြေထောက်နဲ့ပတ်သက်တဲ့ ဆိုရိုးစကားတွေဖြစ်ပါတယ်။ နောက်ပြီးတော့ ‘‘ရှေ့ကသွား ဖြောင့်ဖြောင့်သွားတော့ နောက်ကသွားလည်း ဖြောင့်ဖြောင့်လိုက်’’ ဆိုတဲ့ဆိုရိုးစကားတွေလည်း ရှိတယ်မဟုတ်လား။

မိမိကိုယ်ကို ဘုရားသခင်ရဲ့ အလိုတော်လမ်း၊ သွန်သင်သောလမ်းကို မသွေမတိမ်း၊ မယိမ်းမယိုင်လိုက်လျှောက်နေသလား၊ ဆိုတာကို စစ်ဆေးဖို့လိုအပ်ပါတယ်။

ကျွန်တော်တို့အတွက်သာမဟုတ်ဘဲ ကျွန်တော် တို့နဲ့အတူ လျှောက်နေသောသူ/နောက်လိုက်သောသူများ အတွက်လည်း ကျွန်တော်တို့၏ ခြေထောက်ကိုစစ်ဆေးသင့်ပါတယ်။

နိဂုံး

အကောင်းဆုံးဆရာဝန်ကတော့ ဘုရားသခင်ဘဲဖြစ်ပါတယ်။ ဆာလံ ၂၈း ၆-၈ မှာ ‘‘*ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း၊ ငါတောင်းလျှောက်သောအသံကို နားထောင်တော်မူပြီ၊ ထာဝရဘုရားသည် ငါ၏ ခွန်အားဗလ၊ ငါ၏အကွယ်အကာဖြစ်တော်မူ၏၊ ငါ့နှလုံးသည် ထိုဘုရားကို ကိုးစား၍ ငါ့ကိုစောင့်မတော်မူသောကြောင့် ငါ့ နှလုံးသည် ရွှင်လန်းလျက်ရှိ၏။ သီချင်းဆိုလျက် ဂုဏ်တော်ကို ငါချီးမွမ်းမည်။ ထာဝရဘုရားသည် မိမိလူစု၏ ခွန်အားဗလ ဖြစ်တော်မူ၏*’’ ဟုဆိုထားပါသည်။ စာဖတ်သူမိတ်ဆွေအပေါင်း အကောင်းဆုံးသမားတော်ကြီးဖြစ်သော ထာဝရဘုရားသခင်ထံတွင် မိမိကိုယ်ကိုအစဉ်မပြတ်စစ်ဆေးမှုကို ခံယူနိုင်ကြပါစေ...

–လင်း ပုသိမ်–



# အလိုတော်အတိုင်း

*“ငါ့ခမည်းတော်သည်လည်း ဥယျာဉ်စောင့် ဖြစ်တော်မူ၏။ အသီးသီးသော အခက်ရှိသမျှတို့ကို သာ၍သီးစေခြင်းငှာ သုတ်သင်ရှင်းလင်းတော်မူ၏။”*

(ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၅း၂)

မကြာခင်မှာပင်သာယာသော စက်တင်ဘာလ၏ ညဦးအချိန်ကို ဘုရားရှင် ပြင်ဆင်ပေးမည်ဖြစ်သဖြင့် ကျေးဇူးတော် ချီးမွမ်းကြပါစို့။ စက်တင်ဘာလသည် မြန်မာလတွင် တော်သလင်းလနှင့် တိုက်ဆိုင်ပါသည်။ တော်သလင်းမြစ်တွင်း သင်းဖြူးခင်း ဆိုသည့် ရှေးစကားအတိုင်း လှိုင်းလေ ငြိမ်သက်၍ မြစ်ထဲမှာ လေမထန်လှိုင်းမရှိသောကြောင့် သဘော်၊ လှေ၊ ရွက်နာဝါတို့ ကောင်း မွန်စွာ ခရီးပြုနိုင်ပါ၏။ ရှေးရှေးက မြန်မာတို့သည် တော်သလင်းလကို သစ်ဆင်းလ ဟုခေါ်ကြောင်း ပုဂံကျောက်စာတွင် တ်သ္လင်မှ တ်ော်သ္လင်ဟု ရေးသားကြောင်း မြန်မာစာကျောင်းသားထူးအုပ်စိုး ကပြောပြပါသည်။ စစ်စစ် . . . မြစ်အတွင်းမှာ လှိုင်းလေငြိမ်သက်၍ သစ်ဖောင်များ မျောသောလဖြစ်၍ သစ်ဆင်းလဟု ခေါ်ပါသတဲ့။

သစ်မျောသည်ဟု ဆိုသဖြင့် သစ်ပင်သုံးပင် ပုံပြင်ကလေးကို သတိရမိပါသည်။ တစ်ခါက သစ်ပင်သုံးပင်တို့သည် တောၖ အတူတကွ နေထိုင်ရှင်သန်ကြပါ၏။ တစ်နေ့တွင် သစ်ခုတ်သမားများက လာရောက်ခုတ်ယူသောအခါ၊ ပထမသစ်ပင်က . . . ငါတော့ ခမ်းနားတဲ့ နန်းတော်တိုင်ဖြစ်ချင်တာ၊ အခု ငါ့ဆန္ဒပြည့်တော့မယ်။ ဘုရင်တွေ မိဘုရားတွေ၊ ဝန်ကြီးမှူးမတ်တွေကြားမှာ အကျိုးပြုရတော့မယ်ဟု ပြောသတဲ့။ ဒုတိယသစ်ပင်က ငါတော့ လမ်းနဘေးက မီးရှူးတိုင်ကြီးဖြစ်ချင်တာကွ၊ အခုငါ့ဆန္ဒပြည့်တော့မယ်။ လူတွေကို အလင်းပေးတဲ့ ဂုဏ်သိက္ခာမြင့်မြင့်မားမား မီးတိုင်ကြီးဖြစ်ရတော့မယ် . . . ဟု ပြောပါ၏။ တတိယသစ်ပင်က . . . ငါက ပင်လယ်ကူးသဘော်ဖြစ်ချင်တာကွ၊ အခုငါ့ဆန္ဒပြည့်တော့မယ်။ နိုင်ငံအနှံ့အပြားကို လူအများကို သယ်ဆောင်ပြီး ခရီးသွားရတော့မှာ မို့ အရမ်းပျော်တာပဲ။ သူငယ်ချင်းတို့ရေ . . . ငါသွားပြီဟေ့ . . . လို့နှုတ်ဆက်ခဲ့ပါသတဲ့။

သို့သော်လည်း သူတို့ထင်သလိုဖြစ်မလာပါဘူး။ နန်းတော်တိုင်ဖြစ်ချင်တဲ့သစ်ပင်က နွားစာခွက် ကလေး ဖြစ်သွားပြီး သခင်ယေရှုမွေးဖွားတဲ့အခါ အသုံးခံရ ပါသည်။ မီးရှူးတိုင်ဖြစ်ချင်တဲ့ သစ်ပင်က လက်ဝါးကားတိုင်ဖြစ်လာပြီး သခင်ယေရှုအသေခံတဲ့အခါ အသုံးတော်ခံရပါသတဲ့။ ပင်လယ်ကူးသဘော်ဖြစ်ချင်တဲ့ သစ်ပင်ကတော့ . . . တံငါလှေဖြစ်လာပြီး သခင်ယေရှု တရားဟောတဲ့အခါ အသုံးတော်ခံရပါသတဲ့။

လောက၌ မျှော်လင့်သည်နှင့် မတူညီသော အနေအထားမှာ ရှိနေသော်လည်း စိတ်ပျက်ရန် မဟုတ်ပါ။ နိမ့်ကျသည်ဟု အောက်မေ့သော်လည်း ဘုရားသခင်ရှေ့မှာ မျက်နှာ ရဖို့သာလိုရင်းဖြစ်ပါ၏။ သခင်၏အကြံအစည်နှင့် အသုံးတော်ခံရခြင်းသာလျှင် ကောင်းကြီးမင်္ဂလာဖြစ်စေ၍ သာ၍ သီးသောအသက်တာကို ပြုစုခြင်းဖြစ်ပါသည်။

*မှတ်ချက်။ ။ ၂၀၀၆ ခုနှစ်ထုတ် ညစဉ်ခွန်အား အိမ်ထောင်ဝတ်ပြုလမ်းညွှန်စာအုပ်မှကိုးကားတင်ပြထားပါသည်။*

✞ ✞ ✞ ✞ ✞ ✞

**တကယ်တော့ . . .**

ပညတ်တော်ကာလ (ဓမ္မဟောင်းခေတ်) မှာ ဘုရားသခင့်စံနှုန်းဖြစ်တဲ့ ပညတ်တော် (၁၀)ပါး တစ်ခုမချန် လိုက်နာနိုင်ပါမှ ကောင်းသောနေရာ (ကောင်းကင်နိုင်ငံ) ဝင်စားနိုင်မှာဖြစ်တယ်။ တစ်ခုကျန်မိ၊ ချိုးဖေါက်မိရင်တော့ သင့်အဘိုး၊ ကျွန်ုပ်အဘွား၊ အဘိုးအဘွားတွေ ယေရှုသိ၏ မသိ၏မဆိုင်ဘူး။ ဧရဲလားမှာ ... မြေကြီးလက်ခတ်တာမှလွဲအုံးမယ် ကျမ်းစကားအရပါ။

ကျေးဇူးတော်ကာ (ဓမ္မသစ်ခေတ်) မှာ ဘုရားသခင့် ကျေးဇူးတော် စံနှုန်းဖြစ်တဲ့ သခင်ယေရှုခရစ်ကို မိမိရဲ့ ကယ်တင်ရှင်အဖြစ်ယုံကြည်လက်ခံပါမှ ကောင်းသောနေရာ (ကောင်းကင်နိုင်ငံ) ဝင်စားနိုင်မှာဖြစ်တယ်။ မယုံကြည်လို့ လက်မခံမိရင်တော့ သင်ကောကျွန်ုပ်ပါ တရားကောင်းကျင့်၏ မကျင့်၏နှင့် မဆိုင်ဘူး။ ဧရဲလားမှာ .. မြေကြီးလက်ခတ်တာမှလွဲအုံးမယ် ကျမ်းစကားအရပါ ..။

–သျှင်ညို–